P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၁၄)

### "နအဖက ကုလသမဂ္ဂအပါအဝင် အားလုံးကိုထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီ"

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်္ကာပူဝန်ကြီးချုပ် လီရှန်လွန်းရဲ့ ဖိတ်ကြားချက်အရ စင်္ကာပူနိုင်ငံမှာကျင်းပနေတဲ့ အာဆီယံထိပ်သီးညီလာခံနဲ့ အာဆီယံနဲ့အရှေ့အာရှ ထိပ်သီးအစည်းအဝေးတွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသားရင်ကြားစေ့ရေး အခြေအနေတွေနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြမဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင်ဂမ်ဘာရီ ရဲ့ အစီအစဉ်ကို နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုဝင်ဘာ(၁၉)ရက်နေ့မှာ အပြင်းအထန် ကန့်ကွက်ခဲ့တာကြောင့် ဒီအစီအစဉ်ကို ဖျက်သိမ်းပေးခဲ့ရပါတယ်။ တချိန်တည်းမှာပဲ နိုဝင်ဘာ(၂၁)ရက်နေ့ ထုတ် **7 DAY NEWS** ဂျာနယ်ရဲ့ မျက်နှာဖုံးမှာပါရှိတဲ့ "ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ပီညဲရိုး၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့်တွေ့ဆုံ" ဆိုတဲ့သတင်းကိုလည်း နအဖ စာပေစီစစ်ရေးက ငွေမှင်သုတ်ဖျက်ဆီးခိုင်းခဲ့တယ်ဆိုတဲ့သတင်းတွေ ပေါ်ထွက်လာခဲ့တာ တွေ့ရပါတယ်။

နိုဝင်ဘာ(၁၉)ရက်နေ့ည အာဆီယံထိပ်သီးခေါင်းဆောင်တွေရဲ့ ညစာစားပွဲမှာ နအဖဝန်ကြီးချုပ်က မြန်မာ့နိုင်ငံရေးဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာသာဖြစ်တဲ့အတွက် ဒီကိစ္စကို ပြည်ပနိုင်ငံ တွေအနေနဲ့ ပါဝင်ပတ်သက်စရာမလိုပဲ ကိုယ့်ဘာသာကိုယ် ကိုင်တွယ်ဖြေရှင်းသွားနိုင်တယ်၊ မစ္စတာဂမ်ဘာရီအနေနဲ့ မြန်မာနိုင်ငံကို (၄)ကြိမ်တောင် လာရောက်ခဲ့ပြီး တာဝန်ရှိသူတွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးကာ သူ့တာဝန်တွေကို အကောင်အထည်ဖေါ် ဆောင်ရွက်နေပြီဖြစ်တယ်၊ ဒီအခြေအနေတွေကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ လုံခြုံရေးကောင်စီကိုလည်း အစီရင်ခံတင်ပြခဲ့ပြီးဖြစ်လို့ အာဆီယံနဲ့ အရှေ့အာရှနိုင်ငံတွေကို ဘာမှ ထွေထွေထူးထူးထပ်ပြီး ရှင်းလင်းတင်ပြနေစရာ မလိုတော့ဘူးလို့ ပြောဆိုကန့်ကွက်ခဲ့ကြောင်း သိရှိရပါတယ်။

တကယ်တော့ အာဆီယံထိပ်သီးညီလာခံ မစတင်ခင်ကတည်းက ညီလာခံအစီအစဉ်တွေကို အာဆီယံ နိုင်ငံခြားရေးဝန်ကြီးတွေကတဆင့် သက်ဆိုင်ရာအစိုးရတွေကို ကြိုတင်အသိပေးရတဲ့ ထုံးစံရှိပါတယ်။ အခု ဒီကိစ္စမှာလည်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်္ကာပူဝန်ကြီးချုပ်အနေနဲ့ နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဥာဏ်ဝင်းကို အသိပေးပြီးမှ မစ္စတာဂမ်ဘာရီကို ဖိတ်ကြားခဲ့တာ ဖြစ်ပါတယ်။ နအဖဗိုလ်ချုပ်တွေအနေနဲ့ ကန့်ကွက်စရာရှိရင်လည်း စောစောစီးစီး ကန့်ကွက်နိုင်ရဲ့သားနဲ့ မစ္စတာဂမ်ဘာရီ ကုလသမဂ္ဂဌာနချုပ်ကထွက်ခွာလာချိန်နဲ့ကိုက်ပြီး ကန့်ကွက်ခဲ့တဲ့လုပ်ရပ်ကြောင့် ဖိတ်ကြားခဲ့တဲ့ အိမ်ရှင်စင်္ကာပူဝန်ကြီးချုပ်ရော၊ ဖိတ်ကြားခံခဲ့ရတဲ့ မစ္စတာဂမ်ဘာရီပါ အရှက်ခွဲခံရသလို ဖြစ်သွားခဲ့ပါတယ်။

စင်္ကာပူဝန်ကြီးချုပ်က အာဆီယံအနေနဲ့ မြန်မာနိုင်ငံရဲ့ဆန္ဒကို လေးစားတဲ့အနေနဲ့ နအဖရဲ့ကန့်ကွက်ချက်ကိုလက်ခံပြီး မစ္စတာဂမ်ဘာရီရဲ့အစီအစဉ်ကို ဖျက်သိမ်းပေးဖို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်၊ မစ္စတာဂမ်ဘာရီက တွေ့ဆုံချင်တဲ့ဆန္ဒရှိရင် အစည်းအဝေးတက်ဖို့လာတဲ့နိုင်ငံတွေက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်အောင်ကူညီပေးမယ်လို့ သိက္ခာဆည်တဲ့အနေနဲ့ ပြောဆိုခဲ့ပါတယ်။ မစ္စတာဂမ်ဘာရီ ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး "စိတ်ပျက်မိတယ်" လို့ ကောက်ချက်ချခဲ့ပြီး "မြန်မာအစိုးရက ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ်လို့ ပြောခဲ့တယ်။ ဒီပြောဆိုချက် မှန်မမှန် လက်တွေ့စမ်းသပ်ကြည့်ရမဲ့ အချိန်ကို ရောက်နေပါပြီ။ အကန့်အသတ်တွေကိုကျော်လွန်ပြီး ကျနော့်ကို လုပ်ပိုင်ခွင့် ပိုပေးဖို့လိုပါတယ်" လို့ ခံပြင်းတဲ့ပုံစံနဲ့ ပြောဆိုသွားခဲ့တာကိုလည်း တွေ့ရပါတယ်။

နအဖစစ်အစိုးရကိုကိုယ်စားပြုပြီး အာဆီယံညီလာခံကို တက်ရောက်လာခဲ့ကြတဲ့ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း တို့ဟာ ဆုံးဖြတ်ချက်တစ်ခုကို သူတို့သဘောနဲ့သူတို့ ချမှတ်ပိုင်ခွင့်ရှိသူတွေ မဟုတ်ပဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမိန့်ပေးတဲ့အတိုင်း လက်ညှိုးထောင် ခေါင်းညိတ်လုပ်ပေးနေရသူတွေသာ ဖြစ်တယ်ဆိုတာကို အာဆီယံခေါင်းဆောင်တွေအပါအဝင် နိုင်ငံတကာက နားလည်သဘောပေါက်ထားကြပြီး ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီရဲ့ အစီအစဉ်ကို ကန့်ကွက်ဖို့ဆုံးဖြတ်ချက်ကို နောက်ဆုံးအတည်ပြု ချမှတ်ပေးခဲ့သူဟာ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှတပါး တခြားသူ မရှိနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် နအဖစစ်အုပ်စုက ဒီဆုံးဖြတ်ချက်ကို ဘာကြောင့် အချိန်ကပ်ပြီးမှ ချမှတ်ခဲ့ရသလဲဆိုတာကိုတော့ ထုံးစံအတိုင်း ရှင်းရှင်းလင်းလင်းမရှိသေးပဲ အခုအချိန်အထိ ပဟေဠိတစ်ပုဒ်အနေနဲ့သာ ရှိနေတာကို တွေ့ရပါတယ်။ နအဖထိပ်ပိုင်းမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အငြင်းအခုံတွေ ရှိခဲ့လေသလား၊ ဒါမှမဟုတ် မစ္စတာဂမ်ဘာရီနဲ့ စင်္ကာပူဝန်ကြီးချုပ်ကို လူ့ရှေ့သူ့ရှေ့မှာ သိက္ခာချအရှက်ခွဲချင်လို့ တမင်ချိန်ကိုက် စီစဉ်လုပ်ဆောင်ခဲ့လေသလားဆိုတာ စဉ်းစားစရာ ဖြစ်လာပါတယ်။

မစ္စတာဂမ်ဘာရီဟာ ၂၀၀၆ခုနှစ် မေလကစပြီး ဒီနှစ် နိုဝင်ဘာ(၃–၈)အထိ မြန်မာနိုင်ငံကို (၄)ကြိမ် လာရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၆ မေလနဲ့ နိုဝင်ဘာလ ခရီးစဉ်တွေဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ တာဝန်ပေးချက်အရ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)အဖြစ်နဲ့ လာရောက်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၀၇ (စက်တင်ဘာ ၂၉ – အောက်တိုဘာ ၂ရက်နေ့) ခရီးစဉ်နဲ့ ၂၀၀၇ (နိုဝင်ဘာ ၃–၈) ခရီးစဉ်တွေကတော့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သစ် ဘန်ကီမွန်းရဲ့ မြန်မာ့ရေးရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ်နဲ့ လာရောက်ခဲ့တာ ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီဟာ ဒီနှစ် မေလကျမှ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့ရေးရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ်နဲ့ ခန့်အပ် တာဝန်ပေးခံခဲ့ရတာ ဖြစ်ပါတယ်။

မစ္စတာဂမ်ဘာရီရဲ့ မြန်မာနိုင်ငံခရီးစဉ် (၄)ခုအနက် ပထမ(၃)ခုမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့တာကိုတွေ့ရပေမဲ့ အခုနောက်ဆုံးလာရောက်ခဲ့တဲ့ နိုဝင်ဘာပထမပတ်ခရီးစဉ်မှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်ခံတွေ့ဆုံဖို့ ငြင်းဆိုခဲ့ပြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ခေါင်းဆောင်တဲ့ နအဖ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတချို့နဲ့သာ တွေ့ဆုံခွင့်ပေးခဲ့တာကို တွေ့ရပါတယ်။ နအဖ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့က နိုဝင်ဘာ(၆)ရက်နေ့မှာ မစ္စတာဂမ်ဘာရီကို ကြပ်ပြေးနေပြည်တော်မှာ လက်ခံတွေ့ဆုံခဲ့ပြီး မစ္စတာဂမ်ဘာရီရဲ့ မြန်မာနိုင်ငံခရီးစဉ်တွေနဲ့ ကုလသမဂ္ဂအပေါ် သူတို့ရဲ့ သံသယတွေ၊ မကျေနပ်ချက်တွေကို ထုတ်ဖေါ်ပြောဆို သတိပေးတာတွေ ပြုလုပ်ခဲ့ပါတယ်။

နအဖ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ ရှင်းလင်းပြောကြားချက်တွေထဲမှာ "အစိုးရနဲ့ပြည်သူအားလုံးက အဆွေတော်ရဲ့ခရီးစဉ်အပေါ် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူအားလုံးအတွက် အပြုသဘောဆောင်တဲ့ခရီးစဉ်အဖြစ်၊ ယုံကြည်မျှော်လင့်လျက်ရှိတာကို အဆွေတော်အနေနဲ့လည်း အထူးအလေးထားစေလိုပါတယ်။ သို့သော် ပြီးခဲ့တဲ့အခေါက် အဆွေတော် ကျနော်တို့နိုင်ငံက ပြန်ထွက်သွားပြီးတဲ့အခါမှာ ရရှိလာတဲ့အကျိုးဆက်တွေဟာ ကျနော်တို့ယုံကြည်မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ သဘောထားထုတ်ပြန်ချက်၊ နောက်ပြီး အမေရိကန်နဲ့ **EU** တို့ရဲ့ ထပ်မံတိုးမြှင့်ပိတ်ဆို့မှု၊ ဩစတြေးလျရဲ့ပိတ်ဆို့မှု စတာတွေကိုသာ ရရှိခဲ့တဲ့အတွက် အဆွေတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ် ကျနော်တို့ပြည်သူအချို့က သံသယရှိလာကြပါတယ်။" လို့ ထည့်သွင်းပြောဆိုခဲ့တဲ့အပြင် "မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးရာရောက်စေမဲ့ စွက်ဖက်တဲ့လုပ်ရပ်မျိုးကိုတော့ လက်ခံနိုင်မှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ တကယ်လို့ ကျနော်တို့ဟာ နိုင်ငံငယ်လေးသာဖြစ်တဲ့အတွက် အင်အားကြီးနိုင်ငံက အရှိန်အဝါသုံးပြီး မတော်မတရား နိုင်ထက်စီးနင်းဆောင်ရွက်ကာ မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ တင်မယ်ဆိုရင်လဲ ကျနော်တို့အနေနဲ့ ရင်ဆိုင်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိနိုင်ဘူးဆိုတာ သိစေချင်ပါတယ်။" လို့လည်း သူတို့ရဲ့ ထိပ်တိုက်ရင်ဆိုင်ရေးသဘောထားကို ခပ်ရှင်းရှင်း ပြောဆိုသတိပေးသွားတာ တွေ့ရပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ ဒီရှင်းလင်းပြောကြားချက်တွေကို လေ့လာကြည့်ရင် နအဖဟာ မစ္စတာဂမ်ဘာရီ အပါအဝင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အပေါ်မှာပါ သံသယရှိနေတာကို တွေ့နိုင်ပါတယ်။ ကျနော်တို့ပြည်သူတချို့ကလို့ မြန်မာပြည်သူလူထုရဲ့အမည်ကို အလွဲသုံးစားလုပ် ပြောဆိုထားပေမဲ့ မစ္စတာဂမ်ဘာရီနဲ့ ကုလသမဂ္ဂအပေါ် သံသယရှိနေတာက သူတို့ စစ်အာရှင်တစ်စုသာလျှင် ဖြစ်ပါတယ်။ ပြည်သူတွေက သံသယမရှိတဲ့အပြင် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်သိမ်းရေးတပ်တွေ လွှတ်ပေးဖို့တောင် တောင်းဆိုနေကြတာကို တွေ့နိုင်ပါတယ်။

နအဖစစ်အာဏာရှင်တွေဟာ စင်္ကာပူဝန်ကြီးချုပ်ကိုလည်း ကျေနပ်ပုံမရပါဘူး။ စင်္ကာပူနိုင်ငံဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးနိုင်ငံအဖြစ်နဲ့ ရပ်တည်နေသေးပေမဲ့ နိုင်ငံတကာရဲ့ဖိအားပေးမှုတွေကြောင့် နအဖစစ်အစိုးရအပေါ်

ဝေဖန်ပြောဆိုမှုတွေ ပိုမိုပြုလုပ်လာနေတာကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့သူတွေကို နအဖစစ်တပ်က အကြမ်းဖက်ဖြိုခွင်းခဲ့တဲ့အတွက် အလွန်အမင်း စိုးရိမ်မိကြောင်းဖော်ပြထားတဲ့ အာဆီယံရဲ့ ပြင်းထန်တဲ့သဘောထားကြေညာချက်တစ်စောင်ကို စက်တဘ်ာ(၂၇)ရက်နေ့မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်္ကာပူနိုင်ငံက ထုတ်ပြန်ခဲ့တဲ့အပြင် နအဖ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် **NLD** နဲ့ ပွင့်လင်းပြီး အဓိပ္ပာယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စတင်ဖို့၊ မြန်မာပြည်ရဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုတွေကို အပြည့်အဝလိုက်နာ အသုံးချတတ်ဖို့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးအပေါ်ချမှတ်ထားတဲ့ ကန့်သတ်ချုပ်ချယ်မှုတွေကို အမြန်ဆုံးရုတ်သိမ်းပေးဖို့၊ ဒီမိုကရေစီစနစ်ကိုဦးတည်တဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်ပြဖို့၊ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ စီးပွားရေး၊ လူမှုရေး၊ အကျပ်အတည်းတွေကို ဖြေရှင်းပေးဖို့ စတဲ့ တောင်းဆိုချက်တွေကိုလည်း အာဆီယံဥက္ကဋ္ဌ စင်္ကာပူနိုင်ငံက နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်မှာ စက်တဘ်ာလအတွင်း ထုတ်ပြန်ကြေညာခဲ့ဘူးပါတယ်။

နအဖက ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီညဲရိုး အပေါ် မကျေလည်တဲ့ကိစ္စကတော့ အဆန်းတကျယ် မဟုတ်ပါဘူး။ မစ္စတာပီညဲရိုးရဲ့ အစီရင်ခံတင်ပြချက်တွေအပေါ် အခြေခံပြီး နှစ်စဉ် ကျင်းပပြုလုပ်နေကျ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ တတိယကော်မတီကနေ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆန့်ကျင်တဲ့ဆုံးဖြတ်ချက်မျိုးတွေ ပုံမှန်ပေါ်ထွက်နေလို့ဖြစ်ပါတယ်။ ဒီနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာလည်း လွန်ခဲ့တဲ့စက်တဘ်ာလအတွင်း မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ရဟန်းသံဃာတွေဦးဆောင်တဲ့ဆန္ဒပြပွဲတွေအပေါ် အကြမ်းဖက်နှိပ်ကွပ်မှုတွေအပါအဝင် နအဖရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဆန့်ကျင်တဲ့ဆုံးဖြတ်ချက်တွေကို (၈၈)နိုင်ငံက ထောက်ခံ၊ (၂၄)နိုင်ငံက ကန့်ကွက်၊ (၆၆)နိုင်ငံက ကြားနေနဲ့ အတည်ပြုခဲ့တဲ့အတွက် နအဖက ပီညဲရိုးကို အခဲမကျေဖြစ်ပြီး နိုဝင်ဘာ(၂၁)ရက်နေ့မှာ ထုတ်ဝေမဲ့ **7 DAY NEWS** ဂျာနယ် မျက်နှာဖုံးပါ သူ့ရဲ့ ရန်ကုန်လေဆိပ်သတင်းစာရှင်းလင်းပွဲသတင်းကို ငွေမှင်သုတ် ဖျက်ခိုင်းလိုက်တာဖြစ်နိုင်ပါတယ်။

နအဖစစ်ဗိုလ်ချုပ်တွေက ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ သူတို့ကို ထိပ်တိုက်ရင်ဆိုင်ဖို့ ကြိုးစားနေတယ်လို့ အမြဲတစေ စွပ်စွဲပြောဆိုလေ့ရှိပါတယ်။ လွန်ခဲ့တဲ့ စက်တဘ်ာ(၂၉)ရက်နေ့ မစ္စတာဂမ်ဘာရီရဲ့ တတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်မှာတုန်းကလည်း ဒေါ်အောင်ဆန်းစုကြည်ဟာ သူတို့ကို ထိပ်တိုက်ရင်ဆိုင်ရေး **(Confrontation)**၊ အလုံးစုံပျက်သုဉ်းရေး **(Utter devastation)** နဲ့ အလုံးစုံပိတ်ဆို့ရေး **(Utter Sanction)**၊ တို့ကို ပြုလုပ်နေတဲ့အတွက် အဲဒီအချက်တွေကိုစွန့်လွှတ်ကြောင်း တရားဝင်ကြေညာမှသာ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်တိုင်တွေ့ဆုံဆွေးနွေးနိုင်မယ်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မစ္စတာဂမ်ဘာရီကို ပြောဆိုခဲ့ပါတယ်။ အခုလည်း ဥရောပသမဂ္ဂနိုင်ငံတွေက နအဖရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဦးဆောင်တင်သွင်းခဲ့တာဟာ သူတို့ကို ထိပ်တိုက်ရင်ဆိုင်တာဖြစ်တယ်ဆိုပြီး ကုလသမဂ္ဂဆိုင်ရာ နအဖသံအမတ် ဦးကျော်တင့်ဆွေ က စွပ်စွဲပြောဆိုနေပြန်ပြီ ဖြစ်ပါတယ်။

တကယ်တော့ နအဖဗိုလ်ချုပ်တွေကသာ သူတို့အာဏာတည်မြဲရေးအတွက်ဆိုရင် ကိုယ့်ပြည်သူတွေကိုရော၊ အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံတွေကိုရော၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကိုရော၊ ထိပ်တိုက်ရင်ဆိုင်ဖို့ ဝန်မလေးသူတွေဖြစ်ကြောင်း သူတို့ရဲ့ပြောဆိုချက်တွေနဲ့ လုပ်ရပ်တွေက သက်သေပြနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Friday, November 23, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***